## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး

(၁၄)ရက်မြောက်နေ့ အစည်းအဝေး **အကျဉ်းချုပ်**

**၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက်**

**( ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက် )**

**[သောကြာနေ့]**

၁။ ဒုတိယအကြိမ် **အမျိုးသားလွှတ်တော်** နဝမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့ နံနက် ၁၀း၀၀ နာရီအချိန်တွင် စတင်ကျင်းပပါသည်။

**မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်း**

၂။ မေးခွန်း မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ်ကို အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည် -

(က) ဦးလှမြင့်(ခ)ဦးလှမြင့်သန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၏ **မွန်ပြည်နယ်၊ ကျိုက်ထိုမြို့၊ ကော့စံနိုင်ရပ်ကွက်၊ ဇီဇဝါ(မြောက်)လမ်းရှိ ဘုရားဝတ္တကမြေပေါ်တွင် ဆောက်လုပ်ထားသည့် အစိုးရမူလတန်းကျောင်း သစ်သားကျောင်းဆောင် ဟောင်းမှာ အန္တရာယ်ရှိနေသဖြင့် သံကူကွန်ကရစ် (၂)ထပ်ကျောင်းဆောင် ဆောက်လုပ်ပြီးသည်မှာ (၂)နှစ်ကျော်ပြီဖြစ်သော်လည်း ၎င်းကျောင်းဆောင် ဟောင်းကို သက်ဆိုင်ရာမှ ဖျက်သိမ်းခွင့်မပြုသေးခြင်း**နှင့် စပ်လျဉ်း၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို က ကျိုက်ထိုမြို့၊ ကော့စံနိုင်ရပ်ကွက်ရှိ ဆရာတော်များ၊ ရပ်မိရပ်ဖများ၊ ကျောင်းကော်မတီ တို့၏ သဘောတူညီမှုဖြင့် သက်ဆိုင်ရာသို့ တင်ပြခွင့်ပြုချက်ရယူကာ မွန်ပြည်နယ် အစိုးရအဖွဲ့က လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖျက်သိမ်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

( ခ ) ဦးအောင်မျိုး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၏ **စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့ရှိ အမှတ်(၅)အခြေခံပညာ အထက်တန်းကျောင်းတွင် စာသင်ခန်း လုံလောက်မှုမရှိသောကြောင့် အန္တရာယ်ရှိ အဆောက်အအုံများကို အမြန်ဆုံး ဖျက်သိမ်းပြီး (၁၄၀ x ၃၀ x ၂၄)ပေ RC (၂)ထပ်ကျောင်းဆောင်သစ်အား ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် အမြန်ဆုံးဆောက်လုပ်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း က ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၏ ငွေလုံးငွေရင်းခေါင်းစဉ်အောက်မှ ခွဲဝေရရှိမည့် ရန်ပုံငွေအခြေအနေပေါ်မူတည်၍ ဦးစားပေးအဆင့်အလိုက် ခွဲခြားသတ်မှတ်ပြီး လျာထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

( ဂ ) ဦးငွန်ဟေး၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **ချင်းပြည်နယ်၊ ဟားခါးခရိုင် ပညာရေးမှူးရုံး၏ အရာထမ်းများ၊ အမှုထမ်းများအတွက် မရှိမဖြစ်လိုအပ်သော**

**အဆောက်အအုံများ၊ ပရိဘောဂများ၊ အချိန်နှင့်တစ်ပြေးညီ ကြီးကြပ်နိုင်ရန် ရုံးသုံးကားနှင့် အခြားသော တိုင်းဒေသကြီးနှင့် ပြည်နယ်မှ အရာထမ်းများ၊ အမှုထမ်းများနည်းတူ ခံစားခွင့်များ၊ ရပိုင်ခွင့်များလုပ်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း က ပြင်ဆင်ဖွဲ့စည်းမည့် ခရိုင်ဖွဲ့စည်းပုံအသစ် ခွင့်ပြုချက်ရရှိပြီးပါက သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်များအလိုက် ခွဲဝေရရှိမည့် ရန်ပုံငွေပေါ်မူတည်၍ ဖြည့်ဆည်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် မော်တော်ယာဥ်တင်ပြတောင်းခံမှုအား ခရိုင်ပညာရေးမှူးအဆင့်နှင့် လျော်ညီသော မော်တော်ယာဥ်အား ဗဟိုစက်ပစ္စည်း စာရင်း အင်းနှင့် စစ်ဆေးရေးဦးစီးဌာနသို့ တင်ပြတောင်းခံပြီး ခွင့်ပြုချက်ရရှိပြီးမှသာ ခွဲဝေပေးနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

(ဃ) ဦးမင်းဆွေနိုင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၏ **ကချင်ပြည်နယ် အတွင်းရှိ အခြေခံပညာအလယ်တန်းပြ ဆရာ၊ ဆရာမများကို အလယ်တန်းပြ - ၁ (လယ် - ၁)၊ အလယ်တန်းပြ - ၂ (လယ်-၂)ဆိုပြီး ခွဲခြားသတ်မှတ်နေခြင်းအား တစ်ပြေးညီ သတ်မှတ်ပေးနိုင်ခြင်း ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း က အလယ်တန်းပြရာထူးများတွင် အလယ်တန်းပြ-၁ နှင့် အလယ်တန်းပြ- ၂ များဟုခန့်ထားခြင်းကို ကချင်ပြည်နယ်တွင်သာခန့်ထားခြင်း မဟုတ်ဘဲ ဖွဲ့စည်းပုံအရ တစ်နိုင်ငံလုံးတွင်ခန့်ထားခြင်းဖြစ်ပြီး စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာနသို့လည်း ပညာရှင်အဆင့်(၁)(မူပြ) ၊ ပညာရှင်အဆင့်(၂)(မူပြ၊လယ်ပြ) ပညာရှင်အဆင့်(၃)(မူအုပ်၊ လယ်ပြ၊ ထက်ပြ) စသည်ဖြင့် ပြင်ဆင်သတ်မှတ်နိုင်ရေး အတွက် စီစဉ်ဆောင်ရွက်လျက် ရှိပါသဖြင့် ပညာအရည်အချင်းနှင့် ဆန္ဒ၊ လိုအပ်ချက်တို့အရ ဆရာ၊ဆရာမများကို အားပေးမြှင့်တင် ဆောင်ရွက်လိုပါကြောင်းနှင့် အလယ်တန်းပြ-၁ နှင့် အလယ်တန်းပြ-၂ တို့သည် အဆင့်တူ၊ ရာထူးတူ၊ လစာနှုန်းတူ ရာထူးများဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

(င) ဦးဌေးတင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၏ **ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ တို့ကင်းဝကျေးရွာ အခြေခံပညာအလယ်တန်း ကျောင်းဆောင်ဟောင်းအား (၁၂၀ x၃၀)ပေ အုတ်ညှပ်တစ်ထပ် အသစ်တစ်ဆောင်ကို ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေး နှစ်တွင် ဆောက်လုပ်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍၊ ပညာရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း က ၂၀၁၉- ၂၀၂၀ ဘဏ္ဍာရေးနှစ်၏ ငွေလုံးငွေရင်းခေါင်းစဉ်အောက်မှ ခွဲဝေရရှိမည့် ရန်ပုံငွေအခြေအနေပေါ်မူတည်၍ ဦးစားပေးအဆင့်အလိုက် ခွဲခြားသတ်မှတ်ပြီး လျာထားဆောင်ရွက်သွားမည်ဖြစ် ကြောင်း ရှင်းလင်းဖြေကြားသည်။

(စ) ဦးကိုကိုနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၏ **ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအတွင်းရှိ ဖွံ့ဖြိုးမှုနောက်ကျပြီး နှစ်စဉ် စည်ပင်သာယာ အခွန်ငွေ ကောက်ခံရရှိမှု အလွန်နည်းပါးသည့် မြို့ငယ်လေးများအတွက် မြို့ပြဖွံ့ဖြိုးမှု လုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လုပ်ကိုင်နိုင်ရန်အတွက် ပြည်ထောင်စု**

**အစိုးရအဖွဲ့ ရန်ပုံငွေမှဖြစ်စေ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရရန်ပုံငွေမှဖြစ်စေ၊ နှစ်စဉ်သီးခြား ထောက်ပံ့ပေးသွားရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင်၊ ဦးအောင်မြင်ထွန်း က နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီတို့ အနေဖြင့် သက်ဆိုင်ရာမြို့များဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆောင်ရွက်ရာတွင် မိမိတို့၏ ဘဏ္ဍာငွေနှင့်မလုံလောက်၍ ရန်ပုံငွေထပ်မံ လိုအပ်ပါက နိုင်ငံတော်မှ ထောက်ပံ့နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ-၅၅ ပုဒ်မခွဲ(ဇ)အရ ဥပဒေနှင့်အညီ တင်ပြတောင်းခံနိုင်သည်ကို ပြဋ္ဌာန်းထားရှိပါ ကြောင်းနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်၊ ပုဒ်မ -၁၈၈၊ ဇယား(၂)တွင် တိုင်းဒေသကြီး(သို့မဟုတ်)ပြည်နယ်များက ပြဋ္ဌာန်း ပိုင်ခွင့်ရှိသော ဥပဒေပြုစာရင်းအပိုဒ်(၈)တွင် “စည်ပင်သာယာရေး”လုပ်ငန်းများကို ဖော်ပြထားပါသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ တိုင်းဒေသကြီး(သို့မဟုတ်)ပြည်နယ် အစိုးရအဖွဲ့များအား လုပ်ပိုင်ခွင့်အပ်နှင်းထားပြီး ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ-၉၆၊ ဇယား(၁)ဖြင့် အပ်နှင်းထားသော ဥပဒေပြုစာရင်းတွင် စည်ပင်သာယာရေးနှင့် သက်ဆိုင်သည်များ ပါဝင်ခြင်းမရှိသည့်အပြင် သီးခြား တာဝန်ပေးအပ်ထားသော အဖွဲ့အစည်း၊ ဝန်ကြီးဌာနလည်းမရှိကြောင်း ဖြေကြားသည်။

(ဆ) ဦးဌေးဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၏ **ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ရှမ်းတဲကြီးရပ်ကွက်အတွင်း နေထိုင်သူ ပြည်သူ များမှာ နှစ်စဉ်နွေရာသီတွင် ညစ်ညမ်းနေသည့် ကျဉ်းမြောင်းသော ချောင်းထဲမှ ရေကို တစ်ရပ်ကွက်လုံး သုံးစွဲကြရပါသောကြောင့် များစွာဒုက္ခရောက်လျက် ရှိပါသဖြင့် ရေအခက်အခဲကို နည်းလမ်းရှာဖွေ ကူညီပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင်၊ ဦးအောင်မြင်ထွန်း က ရေပေး ဝေရေးအတွက် စီမံကိန်းနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး လဂွန်းပြင် စီမံကိန်း ပြီးစီးမည့်အချိန်၌ ရေပေးဝေမည်ဖြစ်ကြောင်း ဖြေကြားသည်။

**ဥပဒေကြမ်းဆွေးနွေးခြင်း**

၃။ တံတားကြီးများ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်(၁)ဦးက ဆွေးနွေးသည်။

**နည်းဥပဒေဆွေးနွေးခြင်း**

၄။ မြန်မာ့သတ္တုတွင်း နည်းဥပဒေများနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်(၁)ဦးက ဆွေးနွေးသည်။

၅။ အစည်းအဝေးကို ၁၁း၀၅ နာရီအချိန်တွင်ရပ်နားပြီး (၁၅)ရက်မြောက်နေ့ အစည်းအဝေးကို ၅-၉-၂၀၁၈ ရက်နေ့ (ဗုဒ္ဓဟူးနေ့)တွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

**အမျိုးသားလွှတ်တော်**